**နယ်စပ်ကုန်သွယ်မှုဆောင်ရွက်နေသော မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံမှ ယာယီပိတ်သိမ်းခဲ့မှုအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်**

**နေပြည်တော်-ဇွန်(၁၉)** - မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကို တရုတ်နိုင်ငံ၊ ရွှေလီမြို့ရှိ Agricultural Bank of China, China Construction Bank နှင့် Industrial and Commercial Bank of China ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်မှစ၍ မြန်မာနိုင်ငံသား ပို့ကုန်သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ဘဏ်စာရင်းများပိတ်သိမ်းခဲ့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံ ခရီးစဉ်အတွင်း သိလျှင်သိချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံစီးပွားရေးကောင်စစ်ဝန်နှင့် စတင်ညှိနှိုင်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက်တွင် လည်း ဘဏ်စာရင်းများ ထပ်မံပိတ်သိမ်းခဲ့မှု သတင်းများအပေါ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးသို့ ၎င်းနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဖြေရှင်းဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့သည်။

ထို့အပြင် မြန်မာကုန်သည်များ၏ ငွေစာရင်း Account များ ပိတ်သိမ်းခဲ့မှုအား မည်သည့်အတွက်ကြောင့် ပြုလုပ်ခြင်းဖြစ်သည်ကို သိရှိလိုကြောင်း၊ ပိတ်ထားသော မြန်မာနိုင်ငံသား ကုန်သည် လုပ်ငန်းရှင်များ၏ ငွေစာရင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန် ရွှေလီမြို့ ပါတီကော်မတီ အတွင်းရေးမှူးနှင့် ရွှေလီမြို့အစိုးရဌာန ပြည်ပရေးရာတာဝန်ခံတို့ထံ ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ကုန်သွယ်မှု လုပ်ငန်းများ ပုံမှန်ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြေရှင်းကူညီပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့လည်း ညှိနှိုင်းအကြောင်း ကြားခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဇွန် ၁၇ ရက်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ပဲပြောင်းနှမ်းအသင်း၌ Bank Account များ ပိတ်ထားခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ပြင်ပအစိုးရ အထောက်အကူပြုလူမှု နိုင်ငံရေးအင်အားစုမှ ကိုယ်စားလှယ် များ၊ ပဲပြောင်းနှမ်းအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လူအင်အား (၁၈၀) ခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရ သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇွန် ၁၈ ရက်တွင် မူဆယ်(၁၀၅)မိုင်ကုန် သွယ်ရေးဇုန် ညွှန်ကြားရေးမှူး၊ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ဦးစီး၍ ခရိုင်စီမံခန့်ခွဲရေးကော်မတီဝင်များသည် ရွှေလီမြို့၊ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် ဦးစီးအဖွဲ့နှင့် မူဆယ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ရွှေလီမြို့၊ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်က တရုတ်နိုင်ငံ၊ လွေမုန်ကူး ပြည်နယ်၊ အန်ဝေပြည်နယ်နှင့် အင်းနားမွန်ဂိုးလီယားတို့တွင် On Line မှ လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ပြီး ငွေကြေးများ တရားမဝင်လွှဲပြောင်းခြင်း၊ ငွေသွင်း/ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်းများ ကြောင့် တစ်ဘက်နိုင်ငံ ရွှေလီမြို့ပေါ်ရှိ ဘဏ်ခွဲများမှ Bank Account (၃၄၉) ခုအား စစ်ဆေးရန်အတွက် ခေတ္တပိတ်ထားခဲ့ရာ မြန်မာနိုင်ငံသားပိုင် Bank Account (၁၃၂)ခုပါဝင်နေပါကြောင်း သိရှိရသည်။

On Line လောင်းကစားမှုကို တရုတ်နိုင်ငံ ရဲချုပ်ရုံးမှ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနေခြင်း ဖြစ်ပြီး Bank Account များ စိစစ်ခြင်းမှာ ဆင့်ကဲဆင့်ကဲ တင်ပြဆောင်ရွက်ခြင်းဖြစ်၍ အချိန် အနည်းငယ်လိုအပ်ပါ ကြောင်း၊ အမှုနှင့်မသက်ဆိုင်သော Bank Account များ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

မည်ဖြစ်ကြောင်းနှင့် Bank Account များ စိစစ်စစ်ဆေး ဖြေရှင်းရေးအတွက်လည်း အထူးအဖွဲ့အား ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံမှ ၂၀၁၇ ခုနှစ် ဇွန် ၁၈ ရက်တွင် ဆက်သွယ် ပြောကြားရာ၌ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ သံရုံးအနေနှင့် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ ညှိနှိုင်းအကြောင်းကြားမှုအရ တရုတ်နိုင်ငံအစိုးရသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သို့လည်း ကောင်း အသိပေးတင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်တွင် ယူနန်ပြည်နယ်အစိုးရပင် သိရှိခြင်းမရှိဘဲ တိုက်ရိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ဘက်မှ ရွှေလီဒုတိယမြို့တော်ဝန်ကို တာဝန်ပေး၍ အဖွဲ့နှင့် ဆောင်ရွက်နေကြောင်းနှင့် အမြန်ဆုံး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။